# ၁၄၂ လူအမျိုးမျိုးကို ဟောပြောခြင်း

(၁ တိမောသေ ၂:၄)

၁။ တို့တုပလို၊ ဘုရားအရည်အသွေးကို၊
ကိုယ်တော် မျက်နှာမလိုက်တတ်မှန်း တို့သိ။
လူအမျိုးမျိုးကယ်တင်ခံရစေလို၊
ထံတော်ချဉ်းဖို့ လူတိုင်းကို လှမ်းကြိုနေ။

*(ထပ်ကျော့ပိုဒ်)*

*နေရာထက် လူအဓိကပဲ၊*
*ရုပ်သွင်ထက် စိတ်အဓိကပဲ။*
*အားလုံးကို မျှဝေ၊ ဘုရားသတင်းကောင်း။*
*စိတ်ဝင်စားဂရုစိုက်တော့၊*
*နေရာတိုင်း တို့လိုက်ဟောပြော။*
*"လူအမျိုးမျိုး ဘုရားမိတ်ဆွေဖြစ်နိုင်။"*

၂။ ဘယ်နားမှာတွေ့တွေ့၊ ကိစ္စမရှိပါ။
ဘယ်ရုပ်ဆင်းဖြစ်ဖြစ်၊ အရေးမကြီးလှပါ။
တကယ်အရေးကြီးတာကတော့ စိတ်နှလုံး၊
စိတ်နှလုံးထဲထိ ယေဟောဝါမြင်နိုင်။

*(ထပ်ကျော့ပိုဒ်)*

၃။ ယေဟောဝါ လက်ခံဆီးကြိုသူများက
ဒီလောကနဲ့သူ့လမ်းစဉ် စွန့်လွှတ်သူ။
တို့သိထားတဲ့အကြောင်းတွေ ဝေမျှဖို့၊
လူအမျိုးမျိုးကို တို့လိုက်ဟောပြောကြ။

*(ထပ်ကျော့ပိုဒ်)*

(ယော. ၁၂:၃၂; တ. ၁၀:၃၄; ၁ တိ. ၄:၁၀; တိ. ၂:၁၁ တို့ကိုလည်းကြည့်ပါ။)

*snylpnw*-BU No. 142 5/15
© 2015 Watch Tower Bible and Tract Society of Pennsylvania